*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# “နှင်းဆီမလေးချစ်ပုံပြင်”တေးသီချင်း၏ လူပုဂ္ဂိုလ်အဖြစ် တင်စားရေးဖွဲ့မှု (Personification) ကို လေ့လာခြင်း

ဆုမြတ်နိုးဦး[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် အနုပညာနှင့်အတတ်ပညာနှစ်ခုကို အချိုးကျစွာပေါင်းစပ်ဖန်တီးထားသော “နှင်းဆီမလေးချစ်ပုံပြင်” တေးသီချင်း၏ လူပုဂ္ဂိုလ်အဖြစ် တင်စားရေးဖွဲ့မှု (Personification) ကို စာပေ ရှုထောင့်မှ လေ့လာတင်ပြထားသောစာတမ်းဖြစ်သည်။ ထိုသို့လေ့လာတင်ပြရာတွင် ဖန်တီးမှုအစဉ်အရ ဖန်တီးသူ ရွေးချယ်သုံးနှုန်းထားသော သင်္ကေတအဖွဲ့၊ စာသားပါတင်စားရေးဖွဲ့မှု (Personification) ၏သဘော သဘာဝ၊ တေးသီချင်းပါ တင်စားရေးဖွဲ့ချက်များသည် လူပုဂ္ဂိုလ်အဖြစ် ခိုင်းနှိုင်းတင်စားမှုဖြင့် နိမိတ်ပုံ ပြုနိုင်/မပြုနိုင်၊ ဂီတစာပေနယ်ပယ်တွင် ထိုကဲ့သို့တင်စားရေးဖွဲ့ခြင်းများကြောင့် ရသနှစ်သက်မှု ဖြစ်ပေါ် လာပြီး ထိုရသနှစ်သက်မှုများသည် ဘဝအာနိသင်ရနိုင်/မရနိုင်စသည့်အချက်များကို “နှင်းဆီမလေး ချစ်ပုံပြင်” တေးသီချင်းစာသားများနှင့် ချိန်ထိုးလေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ။** ။ သီချင်း ၊ တင်စားရေးဖွဲ့မှု ၊ နိမိတ်ပုံ ၊ ရသ ၊ ဘဝအာနိသင် ။

## နိဒါန်း

ဤစာတမ်းသည် အနုပညာပစ္စည်းတစ်ခုဖြစ်သော တေးသီချင်းစာသားများ၏ ဖန်တီးမှုအတတ်ပညာကို စာပေရှုထောင့်မှ လေ့လာတင်ပြထားသော စာတမ်းဖြစ်သည်။ ထိုသို့လေ့လာတင်ပြရာတွင် တေးရေးစန္ဒရားကွန်းဇော် ရေးစပ်သီကုံးခဲ့သော “နှင်းဆီမလေးချစ်ပုံပြင်” တေးသီချင်းကို အလေ့လာခံ အဖြစ်ရွေးချယ်ထားသည်။ လေ့လာရာတွင်လည်း စာသားများ၏ လူပုဂ္ဂိုလ်အဖြစ် တင်စားရေးဖွဲ့မှု သဘော (Personification) ကိုသာ အဓိကထားလေ့လာပြီး ထိုလေ့လာခြင်းမှ ရရှိလာသည့် အကျိုးဆက်များကိုသာ တင်ပြထားသည်။ အနုပညာပစ္စည်းတစ်ခု ပေါက်မြောက်အောင်မြင်ခြင်းသည် ဖန်တီးသူက ပေးလိုက်သော ရသခံစားမှုနှင့် ခံစားသူတို့က ရရှိသော ရသနှစ်သက်မှုတို့ ထပ်တူကျခြင်းနှင့် တိုက်ရိုက် သက်ဆိုင်နေသည်ဟူသော အယူအဆတစ်ရပ်ရှိပါသည်။ အနုပညာရှင်သည် မိမိဖန်တီးပြုလုပ်ထားသော အနုပညာပစ္စည်းကို ပရိသတ်ထံသို့ ပို့ဆောင်လိုက်သောအခါ ပရိသတ်၏ရင်ထဲ၌ ရသခံစားမှု တစ်ခုခု ထိထိမိမိဖြစ်ပေါ်လာပြီဆိုလျှင် ထိုအနုပညာသည် အောင်မြင်ခြင်း အဆင့်တစ်ခုသို့ ရောက်ရှိပြီ ဖြစ်သည် ဟုလည်း ဆိုကြပါသည်။ ဖန်တီးသူများအနေဖြင့် မိမိတို့ဖန်တီးလိုက်သော အနုပညာပစ္စည်းတစ်ခုသည် ပရိသတ်များ၏ နှစ်သက်ခြင်းကို ရရှိစေရန်အတွက် ဖွဲ့စည်းပုံနည်းစနစ်မျိုးစုံကို အသုံးပြု၍ အမျိုးမျိုး ဖန်တီးရေးဖွဲ့ လေ့ရှိကြသည်။ ခေတ်အဆက်ဆက် အနုပညာဖန်တီးသူများသည် ခေတ်ကို ကိုယ်စားပြု၍ ခေတ်၏အလို၊ ခေတ်တွင်ပေါ်ပေါက်နေသော အကြောင်းခြင်းရာများပေါ်မူတည်၍ အာရုံခံစားရေး ဖွဲ့လေ့ရှိကြသည်။ တေးသီချင်းဟူသည်လည်း သံစဉ်၊ တီးကွက်မထည့်ခင်က စာသားများဖြင့် ရေးသားရ သော ကဗျာအမျိုးအစားတစ်ခုဖြစ်သည်။ ထို့ကြောင့် ကဗျာရေးဖွဲ့ပုံနှင့် တေးသီချင်း ရေးဖွဲ့ပုံတို့သည် အရင်းခံအားဖြင့် တူညီမှုရှိသည့် သဘောကိုတွေ့ရသည်။ တေးသီချင်းတစ်ပုဒ် ဖန်တီးရေးသားရာတွင် တေးရေးဆရာ၏ ခံစားမှုသည်အရေးပါသည်။ တေးသီချင်းသည် ထိုခံစားမှုအရင်းခံကို အခြေတည်၍ မည်သို့ပေါ်လွင်အောင်ပုံဖော်နိုင်သည်၊ မည်သို့သော ဆက်နွယ်မှုများဖြင့် ပုံသဏ္ဌာန်ကိုလှပစွာ ဖွဲ့ဆိုနိုင်

---

[၁] မြန်မာစာဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်

သည်ဟူသော အချက်သည် အရေးကြီးသည်။ တေးသီချင်းတစ်ပုဒ် ပေါက်မြောက် အောင်မြင်မှုသည် တေးရေးသူ၏ ပညာဖြစ်သော စကားအသုံးအနှုန်းများကောင်းမွန်မှု၊ ပရိသတ်နှစ်သက်စေမည့် အဖွဲ့ကောင်းများ ရွေးချယ်သုံးစွဲနိုင်မှုစသည့် ပုံသဏ္ဌာန်ကို အချိုးကျလှပစွာဖွဲ့စပ်နိုင်မှုနှင့် သီဆိုသူတို့အချင်းချင်းထောက်ပံ့မှု အင်အားပေါ်တွင် မူတည်ပါသည်။

ဤစာတမ်းတွင် လူပုဂ္ဂိုလ်အဖြစ် တင်စားရေးဖွဲ့မှုသဘော )Personification)၏ အခန်း ကဏ္ဍကို အဓိကလေ့လာ တင်ပြထားသည်။ ထိုသို့လေ့လာခြင်းဖြင့် အနုပညာပစ္စည်းတစ်ခု ဖြစ်သော တေးသီချင်းများတွင် တင်စားရေးဖွဲ့မှုတို့၏ သဘောတရားသည် ရသစာပေအတွက် အမှန်တကယ် ထိရောက်သောလမ်းကြောင်းမှ အထောက်အပံ့ပေးနိုင်ခြင်းရှိပုံကို ပေါ်လွင်စွာတွေ့ရှိရပါသည်။

## **သုတေသနရည်ရွယ်ချက်**

အနုပညာပစ္စည်းဟု ဆိုလိုက်လျှင် ဝတ္ထု၊ ကဗျာ စသော အဖွဲ့အနွဲ့များသည် ပရိသတ်တို့ကို ရသနှစ်သက်ခံစားရစေ၍ ထိုစာပေအဖွဲ့အနွဲ့များထဲမှသာ ဘဝအသိ၊ လောကအသိ၊ ဘဝအမြင်၊ လောကအမြင်များ ရရှိနိုင်သည်ဟု အများကလက်ခံထားသည်။ စာသားနှင့်ဂီတ ပေါင်းစပ်ထားသောအဖွဲ့အစပ်ကို လူတို့၏နှုတ်ဖျား၌ရွတ်ဆို မြည်တမ်းရသော သီချင်းသည် နားဆင်သူများကို နှစ်သက် ကြည်နူးမှုပေးစွမ်းနိုင်သည်။ ထိုမျှသာမက ဂီတအဖွဲ့အနွဲ့များသည် တေးစာသားများ၏ ပုံသဏ္ဌာန်ကို အချိုးကျလှပစွာ ဖွဲ့စပ်ထားနိုင်မှုမှတစ်ဆင့် နားဆင်သူများကို နှစ်သက်ကြည်နူးမှု ပေးစွမ်းနိုင်ရုံအပြင် ထိုထက်ပိုသော ဘဝအသိ၊ လောကအမြင်များကိုပါ ပေးစွမ်းနိုင်သည် ဟူသောသဘောကို ဖော်ထုတ်တင်ပြလိုခြင်းဖြစ်ပါသည်။

## **သုတေသနမေးခွန်း**

ဤစာတမ်းတွင် -

(၁) လူကဲ့သို့ သက်ရှိအသွင်တင်စားရေးဖွဲ့ခြင်း (Personification)သည် သီချင်းကပေးသော ရသနှစ်သက်မှုကို မည်သည့် အတိုင်းအတာအထိရောက်အောင် ထောက်ပံ့ပေးနိုင်ခြင်း ရှိ၊မရှိ။

(၂) စာသားပါ တင်စားရေးဖွဲ့မှုများသည် နားဆင်သူများတွင် ဘဝအသိ၊ လောကအသိ၊ ဘဝအမြင်၊ လောကအမြင်ရနိုင်၊ မရနိုင်။

ဟူသော သုတေသနမေးခွန်းများကိုပါ တစ်ပါတည်းဖော်ထုတ်တင်ပြထားပါသည်။

## **လူပုဂ္ဂိုလ်အဖြစ်တင်စားရေးဖွဲ့မှု )Personification)**

လူပုဂ္ဂိုလ်အဖြစ်ခိုင်းနှိုင်းတင်စားမှုကို Wren & Martin (1985) က "English Grammar and Composition" စာအုပ်တွင် -

> "လူပုဂ္ဂိုလ်အဖြစ် ခိုင်းနှိုင်းတင်စားမှုဆိုသည်မှာ သက်မဲ့အရာဝတ္ထုများ၊ စိတ်ကူးသက်သက် တွေးဆချက်များကို အသက်ရှိမှု၊ အသိဉာဏ်ရှိမှုတို့ဖြင့်ပြောဆိုခြင်းဖြစ်သည်" (စာ - ၄၉၀)

ဟူ၍လည်းကောင်း၊ Morner, Kathleen & Raush, Ralph (1998) က "NTC's Dictionary of Literary Terms" စာအုပ်တွင် -

> "လူပုဂ္ဂိုလ်အဖြစ်ခိုင်းနှိုင်းတင်စားမှုဆိုသည်မှာ လူသားနှင့်ဆိုင်သောဝိသေသလက္ခဏာများ၊ အာရုံခံစားနိုင်ခြင်းများကို တိရစ္ဆာန်များ၊ အပင်များ၊ သက်မဲ့အရာ အရာဝတ္ထုများ၊ သဘာဝတရားများ၊ အကောင်အထည်မရှိသော ဒြပ်မဲ့စိတ်ကူး စိတ်သန်းများနှင့် ဆက်စပ်၍ရေးဖွဲ့ထားသော အလင်္ကာနည်းတစ်မျိုးဖြစ်သည်"(စာ - ၁၆၅)

ဟူ၍လည်းကောင်း ရေးသားထားသည်။ မြန်မာစာပေတွင် လူပုဂ္ဂိုလ်အဖြစ် တင်စားသုံးနှုန်းခြင်းနှင့် ပတ်သက်၍ ဦးသန်းထွန်း (မြန်မာစာ) (2004)က "Personification in Myanmar Poetry, University of Distant Education Annual Magazine, Yangon (English Section)" တွင် -

> "မြန်မာစာပေတွင် ဆရာဇော်ဂျီသည် လူပုဂ္ဂိုလ်အဖြစ်ခိုင်းနှိုင်းတင်စားမှုကို ပထမဆုံး အသုံးပြုရေးဖွဲ့သူအဖြစ် တွေ့ရှိရကြောင်း၊ ၁၉၂၈ ခုနှစ်တွင် ပထမမြန်မာခေတ်စမ်းကဗျာအဖြစ် ပေါ်ထွန်းလာသော ပိတောက်ပန်းကဗျာ ကသက်သေခံလျက်ရှိသည်။"

ဟုဆိုထားပါသည်။ ဆက်လက်၍ https://www.twinkl.com.mm/teaching-wiki/ personification တွင် လူကဲ့သို့တင်စားရေးဖွဲ့ခြင်းနှင့်ပတ်သက်၍ -

> "Personificationသည် ပုံဆောင်ဘာသာစကား တစ်မျိုးဖြစ်ပြီး ၎င်းတွင်လူတို့၏ အတွေးများ၊ ခံစားချက်များသို့မဟုတ် အပြုအမူများသည် လူသားမဟုတ်သော သဘောကိုရေးဖွဲ့သည့် ပုံစံတစ်မျိုးဖြစ်သည်။ ဤကိစ္စတွင် "လူသားမဟုတ်သော" သည် သက်မဲ့ အရာဝတ္ထုများမှ အပင်များနှင့် တိရစ္ဆာန်များအထိ အရာအားလုံးပါဝင်သည်။ ထို့ပြင် Personification သည်အချို့သော အခြေအနေများတွင်အလင်္ကာ (Metaphors) နှင့်အလားတူဖြစ်သည်။ ခြားနားချက်မှာ အလင်္ကာများသည် တစ်စုံတစ်ခုနှင့်တစ်ခု နှိုင်းယှဉ်နိုင်ခြင်း (သို့) အရာဝတ္ထုပုံစံမျိုးစုံ၊ အခြေအနေမျိုးစုံနှင့် နှိုင်းယှဉ်နိုင် ခြင်းဖြစ်သည်။ Personification ၏သဘောအရ အရာဝတ္ထုတစ်ခု သို့မဟုတ် အရာဝတ္ထုပုံစံမျိုးစုံ၊ အခြေအနေမျိုးစုံနှင့် နှိုင်းယှဉ်ခြင်းထက် ကျွန်ုပ်တို့၏ လူသားအပြုအမူများနှင့် နှိုင်းယှဉ်ခြင်းသည် ပိုသက်ဆိုင်ပါသည်။"

ဟု လည်းကောင်း ၊ https://www.masterclass.com (2025) တွင် -

> "Personification သည် စာပေအရေးအသားတစ်ခုဖြစ်ပြီး များသောအားဖြင့် စာရေးသူတို့၏ စိတ်ကူးစိတ်သန်းများကို ဖော်ပြရာတွင်အသုံးပြုသည်။ ထိုသို့ဖော်ပြရာတွင် ထပ်တူပြုခိုင်းနှိုင်းသည့် အလင်္ကာသဘောသက်ရောက်သော သက်မဲ့အရာဝတ္ထုများကို လူသားတို့၏ အပြုအမူများ၊ အပြောအဆိုများ၊ လှုပ်ရှားမှုပုံစံများ၊ စိတ်နေသဘောများနှင့် ထပ်တူပြုရေးဖွဲ့လေ့ရှိကြသည်။"

ဟု လည်းကောင်း ဖော်ပြထားပါသည်။

ထို့ကြောင့်တင်စားရေးဖွဲ့ခြင်းဆိုသည်မှာ အနုပညာပစ္စည်းဖန်တီးသူတို့သည် မိမိတို့၏စိတ်တွင် ခံစားရသော စိတ်လှုပ်ရှားခံစားမှုများကို အရာဝတ္ထုပစ္စည်းအမျိုးမျိုး၊ အခြေအနေအမျိုးမျိုး၊ ဖြစ်ရပ် အမျိုးမျိုးနှင့် တင်စားရေးဖွဲ့ခြင်းဖြစ်သည်။ လူကဲ့သို့တင်စားရေးဖွဲ့ခြင်းဆိုသည်မှာ လူနှင့်လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများ၊ လူ့အာရုံခံစားမှုများ၊ လူ့ခံစားချက်များ၊ လူ့အပြုအမူများကို သက်မဲ့အရာဝတ္ထုများနှင့် ထပ်တူပြု၍ ရွှေ့ပြောင်းယူငင် သုံးစွဲထားခြင်းဖြစ်သည်။

## စာပေလေ့လာဆန်းစစ်ချက်

ဤစာတမ်းသည် ဂီတစာပေအမျိုးအစားဖြစ်သော တေးသီချင်းပါ စာသားများ၏ တင်စားရေးဖွဲ့မှုသဘောကိုလေ့လာသည့် စာတမ်းဖြစ်ရာ တင်စားရေးဖွဲ့မှု၏ သဘောကိုအခြေခံကာဆန်းစစ်တင်ပြ ထားပါသည်။

## နည်းနာ

### ပညာရပ်ဆိုင်ရာနည်းနာ

မြန်မာ့ယဉ်ကျေးမှု အနုပညာတွင် တေးဂီတသီချင်းသည် အရေးပါသောအခန်းကဏ္ဍ တွင်ပါဝင် သည်။ သီချင်းသည် တူရိယာပစ္စည်းများနှင့် တွဲဖက်၍ဖြစ်စေ၊ တူရိယာပစ္စည်းများမပါဘဲ ဖြစ်စေသီဆိုရန် ရေးဖွဲ့ ထားသော အဖွဲ့အနွဲ့တစ်မျိုးဖြစ်သည်။

သီချင်းဝေါဟာရနှင့် ပတ်သက်၍ “မြန်မာအဘိဓာန်”တွင် -

“သီချင်းကို သီဆိုရန် သံစဉ်အမျိုးမျိုးဖြင့် ဖွဲ့နွဲ့ထားသော အဖွဲ့အနွဲ့.” (စာ ၃၆၀ )

ဟုဖွင့်ဆိုထားသည်။ သီချင်းဆိုခြင်းဟူသည်မှာ စာသားနှင့်ဂီတပေါင်းစပ်ထားသော အဖွဲ့အစပ်ကို လူတို့၏ နှုတ်ဖျား၌ ရွတ်ဆိုမြည်တမ်းခြင်းဖြစ်သည်။

သင်္ကေတနှင့်ပတ်သက်၍ - တွင်”တီစီ အဘိဓာန်(န်)အင်“

“သင်္ကေတဟူသည် အခြားသောအရာတစ်ခု၏ ကိုယ်စားရပ်တည်သော(သို့) အခြား သော အရာတစ်ခုကို ကိုယ်စားပြုသောအရာ” (စာ -၂၁၆)

ဟုအဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သင်္ကေတဟူသည်မှာ မူလအရာဝတ္ထုအတွက်လည်းကောင်း၊ အခြား အရာဝတ္ထု တစ်စုံတစ်ရာအတွက်လည်းကောင်း ရပ်တည်သောအရာဖြစ်ကြောင်းသိနိုင်သည်။

ဆက်လက်ပြီး နိမိတ်ပုံနှင့်ပတ်သက်၍ “အင်(န်)တီစီ အဘိဓာန်”တွင် -

"နိမိတ်ပုံဟူသည်မှာ တစ်စုံတစ်ရာကို ရည်ညွှန်းသော ဘာသာစကားကို ဆိုလိုသည်။ အမြင်အာရုံ၊ အကြားအာရုံ၊ အနံ့အာရုံ၊ ရသာရုံ၊ အထိ အတွေ့အာရုံစသော အာရုံများ ကို ထိုစကားလုံးများမှတစ်ဆင့် သတိမူမိစေသည်ဟုဆိုနိုင်သည်။ ထို့ပြင် ရုန်းကန် လှုပ်ရှားမှု အာရုံ၊ အပူအအေး အာရုံတို့ ကိုပါ သိရှိခံစားစေပါသည်။” (စာ- ၁၀၄)

ဟုဆိုထားရာ နိမိတ်ပုံသည် လူတို့နှင့်အာရုံငါးပါးနှင့်ထိတွေ့ခံစားနိုင်သော အရာဖြစ်ကြောင်း သိနိုင်သည်။

ရသစာပေနှင့် ပတ်သက်၍ ဒဂုန်တာရာ၏ "စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု" (၂၀၁၉)တွင် -

"စာပေကိုဖန်တီးဆန်းသစ်သော စာပေဟုခေါ်ကြခြင်းလည်းရှိသည်။" (စာ- ၅)

ဟုဆိုထားသည်။ ထိုဖွင့်ဆိုချက်အရ စာပေဟုဆိုရာ၌ သုတစာပေ၊ သိပ္ပံစာပေ၊ ဆေးပညာစာပေများကို မဆိုလိုဘဲ ဖန်တီးသူ၏နှလုံးသားမှ ယိုစိမ့်ထွက်လာပြီး စိတ်ကူးဉာဏ်၏ လှုံ့ဆော်မှုအရ ဖွဲ့နွဲ့ဖန်တီးထားသော ရသစာပေကိုသာလျှင် စာပေဟုခေါ်ဆိုကြောင်း သိရှိရပါသည်။

## သုတေသနဆိုင်ရာနည်းနာ

ဤစာတမ်းတွင် သုတေသနနည်းနာများမှ ရှိပြီးသားအချက်အလက်များအပေါ် အခြေပြုလေ့လာခြင်း (Use of available data method)၊ထိုအချက်အလက်များကို ဆန်းစစ်လေ့လာနည်း (Survey method)၊ စုစည်းဖော်ပြသည့်နည်း (Compilation method)နှင့် လေ့လာတွေ့ရှိထားသော အချက် အလက်များအပေါ် ကောက်ချက်ချပြီး ဇယား/ပုံတို့ဖြင့် ဖော်ပြသည့်နည်း (Table and graphic method)တို့ကို အသုံးပြုထားပါသည်။

## လေ့လာတွေ့ရှိချက်

ဤစာတမ်းတွင် "နှင်းဆီမလေးချစ်ပုံပြင်" တေးသီချင်း၏ လူပုဂ္ဂိုလ်အဖြစ် တင်စားရေးဖွဲ့မှု (Personification) ကို စာပေရှုထောင့်မှ လေ့လာတင်ပြထားပါသည်။

## တေးရေးဆရာ၏ သင်္ကေတရွေးချယ်အသုံးပြုမှု

တေးရေးဆရာဆိုသည်မှာ သူ၏ခံစားချက်တို့ကို သီချင်းစာသားဖြင့်အနုပညာမြောက်စွာ ပရိသတ်ရင်ထဲ ခံစားနိုင်အောင် ရေးသားရသူဖြစ်သည်။ တေးသီချင်းတစ်ပုဒ်ကိုလေ့လာရာတွင် လေ့လာသူများအနေဖြင့် တေးရေးဆရာ၏ ဖန်တီးမှုအတတ်ပညာကို သီချင်းထဲတွင် အထင်အရှားတွေ့ရှိနိုင်သည်။ တေးရေးစန္ဒရားကွန်းဇော်သည် "နှင်းဆီမလေးချစ်ပုံပြင်" တေးသီချင်းတွင် လူပုဂ္ဂိုလ်အဖြစ် တင်စားရေးဖွဲ့မှု (Personification) အနုပညာရပ်တို့သည် သင်္ကေတို့၏ကျက်စားရာနေရာ တစ်ခုဖြစ်သည်။ အနုပညာဖန်တီးသူတို့သည် မိမိတို့၏ ဘဝအတွေ့အကြုံ၊လောကအတွေ့အကြုံများမှ ရရှိလာသောအသိတို့ကို ပရိသတ်တို့ထံ ပြန်လည်တင်ပြရာတွင် ဆိုလိုချင်သည့် သဘောတရားများကို တိုက်ရိုက်ရေးဖွဲ့ခြင်းထက် သင်္ကေတပြုတီထွင်ရေးဖွဲ့ရန် ကြိုးပမ်းအားထုတ်ကြသည်။ သီချင်းသည်လည်း စာသားများဖြင့် ရေးသားရသော အဖွဲ့အနွဲ့တစ်ခုဖြစ်သည့်အလျောက် စာပေရေးဖွဲ့မှုထဲတွင် ပါဝင်ယှက်နွယ်လျက်ရှိသည်။ စာပေမှဖန်တီးရေးဖွဲ့သော စာပေသင်္ကေတတွင်မူ တိုက်ရိုက်အနက် (မျက်မြင်အနက်)နှင့် သင်္ကေတအနက် (ဥပစာအနက်)ဟူ၍ အနက်နှစ်မျိုးရှိပါသည်။ သာဓကအားဖြင့် ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာမှ ရေစီးတွင်မျောပါနေသော ဗေဒါကိုဘာသာစကားသင်္ကေတအနေဖြင့် ကြည့်ပါက အပင်ဟူသော တိုက်ရိုက်အနက်တစ်ခုတည်းသာရှိသည်။ ၎င်းကို စာပေသင်္ကေတထဲသို့ သွတ်သွင်း

လိုက်သောအခါတွင်မူ အပင်ဟူသောတိုက်ရိုက်အနက်နှင့် လောကဓံအနိမ့်အမြင့် အတက်အကျကို ရင်ဆိုင်နေရသော လူသားဟူသည့် သင်္ကေတအနက်သဘော ပါရှိနေသည်ကိုတွေ့ရသည်။ သို့သော် အနုပညာပစ္စည်း တစ်ခုတွင် သင်္ကေတအသုံးပြုတိုင်း ထိုအရာသည် သင်္ကေတအနက်သဘော သက်ရောက်နေသည် မဟုတ်ဘဲ စာရေးသူသည် အများလက်ခံသည့် အောင်မြင်သော သင်္ကေတတစ်ခု ဖြစ်ရန် ဖန်တီးမှု အတတ်ပညာအရ ပုံသဏ္ဌာန်အချိုးကျလှပစွာ တွဲစပ်ထားသော စကားအဆက် အစပ် များပေါ်တွင် မူတည်ပါသည်။

"နှင်းဆီမလေးချစ်ပုံပြင်" တေးသီချင်းတစ်ပုဒ်လုံးတွင် တေးရေးသူသည် သင်္ကေတအဖွဲ့အဖြစ် နှင်းဆီပန်းနှင့်စံပယ်ပန်းကို ရွေးချယ်သုံးစွဲထားသည်ကိုတွေ့ရသည်။ တေးရေးဆရာသည် လောက သဘာဝ၊ လူ့သဘာဝကို ဂရုပြုမိရာမှ အထူးသဖြင့် မိန်းမသားတို့၏ဘဝ၊ ထိုဘဝနှင့်ဆက်နွှယ်နေသော အချစ်ရေး၊ အချစ်ရာခံစားချက်များ၊ ထိုခံစားချက်များမှ ပေါက်ဖွားလာသော စိတ်ခံစားမှုအခြေအနေ များနှင့် ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်အစုံစုံကို ဆင်ခြင်သုံးသပ်မိဟန်တူသည်။ သုံးသပ်မိသည့် အလျောက် လည်း အမျိုးသမီးတို့၏ အချစ်နှင့်နှီးနွှယ်သော ခံစားမှုဝေဒနာများကို သီချင်းထဲတွင် အသေးစိတ် သရုပ်ဖော် ရေးဖွဲ့ထားသည်။

အနုပညာဖန်တီးသူတို့သည် မိန်းကလေးများ၏ သဘာဝကိုရေးဖွဲ့ရာတွင် ပန်းကလေးများနှင့် တင်စားရေးဖွဲ့လေ့ရှိကြသည်။ ပန်းဟူသည် အမျိုးသမီးတို့ နှစ်သက်အလေးထားမြတ်နိုးရာ အရာ တစ်ခု ဖြစ်သည်။ အမျိုးသားများထက် အမျိုးသမီးတို့နှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းတစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့်လည်း တေးရေးဆရာက အမျိုးသမီးများနှင့် သက်ဆိုင်သော ပန်းများကို သင်္ကေတ ပစ္စည်းအဖြစ် ရွေးချယ်အသုံးပြုထားခြင်းဖြစ်သည်။ လောကတွင်လူသည် လူ့အကြောင်းကိုသာ စိတ်ဝင် အစားဆုံးဖြစ်သည်။ ထိုအချက်ကို သတိမူမိသော တေးရေးဆရာသည် အမျိုးသမီးနှစ်ဦး၏ အချစ်နှင့် ပတ်သက်သော ခံယူချက်၊ တွေးဆချက်၊ ရှင်းလင်းချက်အစုံစုံကို သက်မဲ့အရာဝတ္ထု နှစ်ခုဖြစ်သော နှင်းဆီပန်းနှင့် စံပယ်ပန်းကို အမျိုးသမီးနှစ်ဦးအဖြစ် သင်္ကေတပြုရေးဖွဲ့ထားသည်။ ထိုသို့ ရေးဖွဲ့ရာတွင် တေးရေးသူသည် ရိုးသားဖြူစင်သော၊ သူတစ်ပါးအပေါ် ကိုယ်ချင်းစာတရားနှင့်သာ နွေးထွေးကြင်နာစွာ ဆက်ဆံလိုသော၊ လောက၏ မာယာပရိယာယ်အသွယ်သွယ်ကို မသိရှာသော မိန်းမပျိုလေးတစ်ဦး အသွင်ဖြင့် စံပယ်ပန်းကို သင်္ကေတပြုထားပြီး လျှောက်လှမ်းလာသော ဘဝခရီးလမ်းတစ်လျှောက်တွင် လောကဓံတရား(၈)ပါးနှင့် ရင်ဆိုင်ကြုံတွေ့ပြီးနောက် မည်သည့်အရာကိုမဆို ရဲဝံ့စွာရင်ဆိုင်နိုင်သော သန်မာပြီး အတွေ့အကြုံရင့်ကျက်သည့် မိန်းမပျိုလေးတစ်ဦးအသွင်ဖြင့် နှင်းဆီပန်းကို သင်္ကေတပြုကာ အသေးစိတ်ထင်ဟပ်ရေးဖွဲ့ထားသည်။

## တေးသီချင်းပါ လူပုဂ္ဂိုလ်အဖြစ်တင်စားရေးဖွဲ့ခြင်း

ရသစာပေဖန်တီးသူတို့သည် သင်္ကေတများမှတစ်ဆင့် အားကောင်းသော နိမိတ်ပုံဖွဲ့နည်းများဖြင့် မိမိတင်ပြလိုသော အတွေးစိတ်ကူးများကို ပရိသတ်တို့ ထင်သာမြင်သာအောင် ဖန်တီးလေ့ရှိကြသည်။ ထိုသို့ဖန်တီးရေးဖွဲ့ရာတွင် ဒြပ်မဲ့စိတ်ကူးစိတ်သန်းများ၊ သက်မဲ့အရာဝတ္ထုများ၊ တိရစ္ဆာန်များကို လူကဲ့သို့ တင်စားခိုင်းနှိုင်းခြင်းအားဖြင့် ပရိသတ်တို့၏ စိတ်အာရုံ၌ ပို၍ထင်ယောင် မြင်ယောင်လာစေပါသည်။

ဤတေးသီချင်း၏ သီချင်းခေါင်းစဉ်၌ပင် တေးရေးသူက "နှင်းဆီမလေးချစ်ပုံပြင်"ဟူ၍ နှင်းဆီပန်းကို အခရာပြုကာ ငယ်ရွယ်ပျိုမျစ်သည့် မိန်းမပျိုလေးတစ်ဦးအနေဖြင့် တင်စားရေးဖွဲ့ထား သည်။ အရောင်အသွေးစုံသည့် နှင်းဆီပန်းကို သင်္ကေတပြုပြီး "မလေး" ဟူသော တစ်ဦးဆိုင် နာမ်ကြောင့် တေးစာသားများသည် အမျိုးသမီးလေးတစ်ဦး၏ လျှောက်လှမ်းလာခဲ့ရသော အချစ်ဇာတ်လမ်း အကြောင်းကို ရေးဖွဲ့ထားကြောင်း ထင်ရှားပေါ်လွင်စေပါသည်။

ထိုသို့ရေးဖွဲ့ရာတွင် တေးရေးသူက အကောင်းအဆိုးလောကဓံများကို ရင်ဆိုင်ဖြတ်သန်းလာခဲ့ ပြီးသော အရောင်အသွေးစုံသည့် နှင်းဆီပန်းနှင့် လောက၏မာယာပရိယာယ်ကိုမသိသော ဖြူစင် အေးချမ်းသည့် စံပယ်ပန်းတို့ တစ်ဦးနှင့်တစ်ဦးအချစ်နှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးမေးမြန်းကြပုံ များနှင့် တင်စားရေးဖွဲ့ထားသည်။ ထိုသို့ ရေးဖွဲ့လိုက်ခြင်းဖြင့် နှင်းဆီနှင့်စံပယ်တို့၏ ရင်းနှီးမှု အတိုင်း အတာသည် သက်ရှိလူသားနှစ်ဦး၏ ရင်းနှီးမှုအတိုင်းအတာနှင့် ထပ်တူကျနေသည့်သဘောကို တွေ့ရ သည်။ ပထမဦးစွာ တေးရေးသူသည် နှင်းဆီနှင့်စပယ်တို့ သိလိုသမျှမေးမြန်းပုံနှင့် -

"ဘယ်အတွက်ရယ်များ ဆူးတွေခြံရံထား ××× မလေးစံပယ်အားပြောပါလား ×××
မမနှင်းဆီပန်းရယ် ×× မေးပါရစေလား ×××
လောကရဲ့ အချစ်ဝဲသံသရာ အလှအပစုဝေးရာ ချစ်စွာသော ကမ္ဘာ
ဘာရယ်ကြောင့်များ သဘောထားအမှန်တရား ညှာကွယ်မထောက်ထား

ပြောစမ်းပါလား"

ဟူ၍ သိလိုသောဆန္ဒပြင်းပြသည့်အတွက် မကွယ်မဝှက်ပြောစေချင်ပါသည်ဟု မေးမြန်းပုံမှာ လူ့သဘာဝ ပေါ်လွင်လှသည်။ "ဘယ်အတွက်"၊ "မေးပါရစေလား"၊ "ပြောစမ်းပါလား" အစရှိသော အမေးကားလုံး များ၊ မိမိသိလိုသမျှဖြေကြားပေးရန်တိုက်တွန်းတောင်းဆိုသော စကားလုံးများသည် သက်ရှိလူအချင်းချင်း တွေ့ဆုံကြလျှင် သိလိုရာရာအကြောင်းခြင်းရာများမေးမြန်းပုံနှင့် ထပ်တူဖြစ်သည်။ "မမနှင်းဆီ"၊ "မလေး စံပယ်" ဟူသည့်အသုံးများသည် လူ့ပတ်ဝန်းကျင်၊ လူ့လောကတွင် အကြီးနှင့်အငယ် ဆက်ဆံရေး၊ အထက်နှင့်အောက်ဆက်ဆံရေးများတွင် အများဆုံးပြောဆိုသုံးစွဲကြသော ယဉ်ကျေးဖွယ် အသုံးများ ဖြစ်သည်။ ထိုအသုံးများကြောင့် ရင့်ကျက်တည်ငြိမ်သော နှင်းဆီပန်းနှင့် ဖြူစင်နုနယ်သော စံပယ်ပန်း တို့၏ ရင်းနှီးမှုအတိုင်းအတာမှတစ်ဆင့် ချစ်ခြင်းမုန်းခြင်း၏ သဘော၊ လောက၏မာယာ ပရိယာယ်ကို နားလည်သော မိန်းကလေးတစ်ဦးက အချစ်နှင့်စတင်ထိတွေ့မည့် မိန်းကလေးတစ်ဦးကို အချစ်နှင့် ပတ်သက်၍ ထားရှိရမည့် စိတ်ခံစားမှုအခြေအနေများကို သင်ကြားပေးနေသည့် နွေးထွေးကြင်နာသော သဘောတရားများကိုပါ ပေါ်လွင်ထင်ရှားစွာတွေ့ရှိနိုင်ပါသည်။

ဆက်လက်၍လည်း -

"ပွင့်နီဝါအရောင်ဖွေး ×× ရမ္မက်သွေးဖိုစရာ ×× လှလိုက်တာ ××လှလိုက်တာ
သို့သော်ငြား ×× ဆူးခက်တွေမနီးမဝေး ထွေးပိုက်လို့ထား

မမနှင်းဆီလေး အကျည်းတန်သွား ××× ဘယ်အတွက်ရယ်များ ဆူးတွေကာရံထား
မလေးစံပယ်အားပြောပါလား ××× ”

ဟူ၍ရေးဖွဲ့ထားသည်။ နှင်းဆီပန်း၏အရင်းခံအလှသည် လွန်စွာလှပသော်လည်း အခြံအရံအကာအကွယ်များ ပတ်ပတ်လည် ဝန်းရံထားသည့်အတွက် အလှတရားမပေါ်လွင်သောဘဝကို “ဆူးတွေခြံရံထား” ဟူ၍ရေးဖွဲ့ထားသည်။ “ရမ္မက်သွေးဖိုစရာ” ဟူသော အသုံးတွင် လောဘရမ္မက်၊ တဏှာ ရမ္မက်တို့တွင် နစ်မျောနေသူ၏ ခံစားမှုသဘောများ ထင်ဟပ်နေသည်။ လိုချင်တပ်မက်ဖွယ်ကောင်းသော ဂုဏ်အသရေများနှင့်ပြည့်စုံသည့် အမျိုးသမီးတို့၏ အလှကိုရယူပိုင်ဆိုင်လိုသောသဘောကို “ရမ္မက်သွေးဖို” ဟူသောအဖွဲ့နှင့် ထင်ဟပ်ပြထားသည်။ သက်ရှိများတွင်ရှိသော အလှအပေါ် လိုချင်တပ်မက်မှုတွင်သာသုံးသောအသုံးကို သက်မဲ့နှင်းဆီပန်း၏အလှနှင့် ဆက်စပ်၍ ဖြစ်ပေါ်လာသော ပိုင်ဆိုင်လိုစိတ်များနှင့် ထပ်တူပြုရေးဖွဲ့ထားမှုမှ တစ်ဆင့်တေးရေးသူ၏ ဆန်းသစ်သော အတွေးစိတ်ကူးများကိုပါ တစ်ပါတည်း ခံစားသိရှိနိုင်ပါသည်။

“ဘယ်အတွက်ရယ်များ ဆူးတွေခြံရံထား” ဟူသောအဖွဲ့သည် နှင်းဆီပန်းများတွင်သာရှိသော လူအများအလွယ်တကူမခူးဆွတ်နိုင်သည့် အရံအတားတစ်ခုဖြစ်သော ဆူးခက်များနှင့် အမျိုးသမီးတို့၏ အချစ်နှင့်ပတ်သက်၍ စည်းတားထားသော စိတ်အခြေအနေကို ထင်ဟပ်ပြထားသည့် အဖွဲ့ဖြစ်သည်။ နှင်းဆီပန်း၏ အကာအကွယ်ဖြစ်သော ဆူးခက်နှင့်အမျိုးသမီးတို့၏ တော်မှန်သော ခံစားချက်နှင့် တားဆီးထားသော စိတ်ခံစားမှုသဘောတို့ကို ထင်ဟပ်ဖွဲ့ဆိုထားရာ ထိုအဖွဲ့မှတစ်ဆင့်ရဲရင့်သော၊ အချစ်နှင့်ပတ်သက်လျှင် စိတ်အလိုကိုမလိုက်သော၊ မိမိဖြတ်သန်းလာသော အတွေ့အကြုံ အခြေအနေ အရပ်ရပ်အရ တည်ငြိမ်အေးချမ်းလာသော အမျိုးသမီးကောင်းတစ်ဦး၏ အသွင်သဏ္ဌာန်နှင့် စရိုက် လက္ခဏာများကိုပါ နားလည်ခံစားလာစေနိုင်သည်။

စံပယ်ပန်းလေး၏ မေးမြန်းသမျှ နှင်းဆီပန်းက ပြန်လည်ဖြေကြားပုံကို -

“ညီမငယ်ထွေး စံပယ်လေး နုနုထွေးရယ် ×× အလှလည်းကြွယ်သော
ချစ်စရာ့ကမ္ဘာလေးမှာ အထီးကျန်သော သဘောတွေမြင်လိမ့်မယ် ×××”

ဟူ၍ ရေးဖွဲ့ထားသည်။ နှင်းဆီပန်းက စံပယ်ပန်းကို “ညီမငယ်ထွေး”၊ “နုနုထွေး” ဟူ၍ခေါ်ဝေါ်ပုံများသည် လောကရှိ အစ်မကြီးများက မိမိတို့ချစ်ခင်ရသည့် ညီမငယ်လေးများကို နွေးထွေးကြင်နာစွာ ခေါ်ဝေါ်သုံးစွဲသည့် အသုံးများဖြစ်သည်။ သက်ရှိတို့အချင်းချင်းခေါ်ဝေါ် သုံးစွဲပုံအတိုင်း သက်မဲ့တွင်လည်း ထပ်တူခေါ်ဝေါ်သုံးစွဲထားရာ တေးသီချင်းမှာ ပို၍ရုပ်လုံးကြွပီပြင်လာပြီး ချစ်စဖွယ်ကောင်း လာရပါသည်။

ဆက်လက်၍ လောက၏သဘောကို ပြောပြရာ၌ -

“ဘဝင်တသိမ့်သိမ့် ××× ရင်တငြိမ့်ငြိမ့် ××× စိမ့်လေသော စမ်းရေလေးစီးသည့်နှယ်
သာတဲ့အခါ သာလိမ့်မယ် ×××ခြောက်သွေ့သော နွေလမ်းကိုလည်းလျှောက်ရလိမ့်မယ်
×× အချစ်ရဲ့ဒီသဘော ×××ဖြောင့်တန်း ကွေ့ကောက် သွေ့ခြောက် စိုပြည် ငိုမပြေ
ရယ်မပျက်ဆန့်ကျင်ဘက် ဒီသဘော တွေ့ရလိမ့်ဦးမယ် xxx”

ဟူသော အရေးအဖွဲ့များသည် တေးရေးသူပြောလိုသော သီချင်း၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။ သာယာသော၊ ခက်ခဲသော၊ ကြမ်းတမ်းသော၊ အေးချမ်းသော အစရှိသည့် ဆန့်ကျင်ဘက် အတုံ့ အလှည့် သဘောများကို အမျှင်မပြတ်သည့် လောကဓံပါးနှင့် ချိတ်ဆက်ပြောပြထားရာ လောကရှိ ရှုပ်ထွေး(၈) လှသော အချစ်ဒဿနများသည် နုနယ်သည့် မိန်းမပျိုလေးများအတွက်လည်း သတိပြုတွေးဆ ဆင်ခြင်စရာအဖြစ် အတွေးစများပေါ်လာနိုင်ပါသည်။

> "နှင်းဆီနီနက်ဆူးခက်ဝေဆာ အကျည်းတန်တာကြောင့်ကွယ် အချစ်ရေးနယ်ပယ်
> အသွယ်သွယ်သော အရေးမှာ မင်းထက်စာရင် ကင်းဝေးပါသေးတယ် ×××"

ဟူသော အဖွဲ့အရ ဆူးခက်ဝန်းရံထားသော မိမိတို့၏ ဘဝသည် အကာအကွယ်အခြံအရံရှိသော်ကြောင့် အခြားပန်းများကဲ့သို့ လူများ အလွယ်တကူမခူးဆွတ်နိုင်ပါ။ အကယ်၍ခူးဆွတ်မိပါကလည်း မိမိ၏ ဆူးကြောင့် အဆိပ်ဖြစ်စေနိုင်သည့်အတွက် ခူးဆွတ်မည့်လူများသည် ထိုအန္တရာယ်ကို ကြောက်ကြသည်။ ထို့ကြောင့်လည်း မိမိတို့သည် ဒုက္ခအပေါင်းမှ ကင်းဝေးကြရသည် ဟု နေထိုင်ရမည့် ဘဝတစ်လျှောက် တွင်ထားရှိရမည့် အချစ်နှင့်ပတ်သက်သော စိတ်နေသဘောထားကိုနှင်းဆီပန်းရှိ ဆူးခက်နှင့်ဥပမာပေး၍ ရှင်းပြထားသည်မှာ ယနေ့ခေတ်အမျိုးသမီးလေးများအတွက် အတုယူစရာ ကောင်းလှပါသည်။

သီချင်းအဆုံးတွင် -

> " အချစ်ဆိုသော အဖြေမရှိသည့် ထိုအရာရယ် ××× အပေါ်ယံကြောမဖြစ်တဲ့
>
> တော်မှန်သော ×××အချစ်နဲ့ နှင်းဆီပန်းကို နမ်းလာလှည့်ပါ×××
>
> ဆူးခက်ကလေးတွေ ××× အဆိပ်ပြယ်စေရပါမယ်×××"

ဟုဖွဲ့ဆိုထားသည်။ စင်စစ်လောကထဲတွင် အချစ်ရေးအချစ်ရာ ကိစ္စရပ်များသည် အရှုပ်ထွေးဆုံး၊ မာယာ ပရိယာယ်အများဆုံးကိစ္စဖြစ်သည်။ ဆယ်ကျော်သက် မိန်းကလေးများအနေဖြင့် မဖြစ်မနေ ကြုံတွေ့ရ မည့် အချစ်ခရီးကို လျှောက်လှမ်းကျော်ဖြတ်သည့်အခါ မိမိထံသို့ ချဉ်းကပ်လာမည့်လူများကို အသိဉာဏ် နှင့်စနစ်တကျ စဉ်းစားဆုံးဖြတ်ကာ ရွေးချယ်မှသာ မှန်ကန်အေးချမ်းသော ဘဝတစ်ခုကို ရရှိပိုင်ဆိုင်နိုင် ကြမည်ဖြစ်သည်။ ထိုသဘောကို တေးရေးသူကနှင်းဆီပန်းရှိ ဆူးခက်ဥပမာနှင့် ယှဉ်ကာယှဉ်ကာ ဖွဲ့နွဲ့ထင်ဟပ်ရေးဖွဲ့ထားရာ ထိုအဖွဲ့များမှတစ်ဆင့် တေးရေးသူ၏ စေတနာရည်ရွယ်ချက်ကိုပါ လေးစား ဖွယ် တွေ့မြင်နိုင်ပါသည်။


## လူပုဂ္ဂိုလ်အဖြစ်တင်စားရေးဖွဲ့ခြင်းဖြင့် နိမိတ်ပုံပြုခြင်း

အနုပညာဖန်တီးသူတို့သည် မိမိတို့၏ခံစားချက်၊ စိတ်ကူးနှင့်ဘဝအမြင်များကို တင်ပြရာတွင် ထင်ရှားပေါ်လွင်စေရန်အတွက် ဖန်တီးမှုအတတ်ပညာအရ အဆင်တန်ဆာမျိုးစုံကို လှပစွာ ဖွဲ့စပ်ဖန်တီး လေ့ရှိကြသည်။ ထိုအထဲတွင် နိမိတ်ပုံဖန်တီးမှုသည်လည်း တစ်ခုအပါဝင်ဖြစ်သည်။ နိမိတ်ပုံများကို ပုံဖော်ရာတွင် တင်စားမှုနည်းနာများသည် အရေးပါသည်။ ဤတေးသီချင်းဖန်တီးရေးသားမှုတွင် တင်စားမှုနည်း ကိုသုံး၍ နိမိတ်ပုံပြုဖွဲ့ဆိုလိုက်ခြင်းအားဖြင့် သီချင်းသည် ပို၍နှစ်သက်စွဲမက်ဖွယ်

ကောင်းလာစေရုံသာမက တေးရေးဆရာ၏ မမြင်သာသော ခံစားမှုများ၊ အတွေးစိတ်ကူးများကိုပါ သိသာမြင်သာလာစေနိုင်ပါသည်။ ထို့အပြင် တင်စားရေးဖွဲ့မှုများသည် သီချင်း၏ အဆင်တန်ဆာ သဘောမှ ကျော်လွန်ကာ တေးရေးဆရာ၏ခံစားမှုနှင့် အတွေးစိတ်ကူးတို့ ပေါင်းစပ်ပါဝင်နေသော အစွမ်းထက်မြက်သည့် အနုပညာ လက်နက်အသွင်သို့ နားဆင်သူတို့ထံပြောင်းလဲရောက်ရှိလာသည်။ ထိုအခါ နိမိတ်ပုံသည် အဆင်တန်ဆာ သက်သက်မဟုတ်တော့ဘဲ သီချင်း၏ရည်ရွယ်ချက်၊ သီချင်း၏အကြောင်းအရာ၊ သီချင်းဖွဲ့စည်း တည်ဆောက်ပုံတို့နှင့် တစ်သွေးတည်း၊တစ်သားတည်း ဆက်စပ်ဖြစ်တည်လာသည်။

ရသစာပေ၏သဘော (သို့) တင်စားမှုနည်းဖြင့်နိမိတ်ပုံဖွဲ့ခြင်း၏သဘောမှာ စာရေးသူက စာဖတ်သူအား မိမိအသိပေးပြောကြားလိုသော အကြောင်းခြင်းရာများကို တိုက်ရိုက်တင်ပြခြင်း မဟုတ်ပါ။ ခံစားသူများက ဖတ်ရှုရင်း၊ နားဆင်ရင်း ထိုသီချင်းတွင်ပါဝင်သော နိမိတ်ပုံများ၏ အင်အားမှ တစ်ဆင့် ဘဝအသိအမြင်များအလိုလို ရရှိလာခြင်းဖြစ်သည်။ ဤသီချင်းတွင်လည်း တေးရေးသူက နှင်းဆီပန်းနှင့် စံပယ်ပန်းကို မိန်းမပျိုလေးနှစ်ဦးအသွင် ဦးစွာသင်္ကေတပြုဖန်တီးပြီး လောကသဘာဝ အချစ်ရေးနှင့် ပတ်သက်လာလျှင် ရင်ဆိုင်ရမည့်ပြဿနာများနှင့် ထားရှိရမည့်စိတ်ထားများကို ထိုသင်္ကေတနှစ်ခုနှင့် ထင်ဟပ်ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ရေးဖွဲ့ရာတွင်လည်း ချစ်မှုရေးရာကိစ္စရပ်များကို လောကခံတရားများနှင့် သွယ်ကာဝိုက်ကာ ရေးဖွဲ့တင်ပြထားသည်။ ထိုသီချင်းသည် နားဆင်သူများအတွက် ရသမြောက်စေရုံသာမက ဆယ်ကျော်သက်မိန်းကလေးများအနေနှင့် နှင်းဆီပန်းကို အတုယူကာ နှင်းဆီပန်းကဲ့သို့ ကျင့်ကြံနေထိုင်မှသာလျှင် လောကအလယ်တွင် လှပရဲရင့်စွာ ရှင်သန်နိုင်မည့် ပန်းကောင်းတစ်ပွင့် ဖြစ်လာနိုင်ကြောင်း ဘဝအသိ၊ လောကအမြင်များရရှိစေပါသည်။ ဤသည်မှာ တေးရေးသူ ဖန်တီးလိုက်သော တင်စားရေးဖွဲ့နိုင်မှုသည့် နားဆင်သူများ အထူးသဖြင့် ဆယ်ကျော်သက် အမျိုးသမီးလေးများထံသို့ ဘဝအသိသင်ခန်းစာ အဖြစ်ရောက်ရှိသွားသည့် အနုပညာပစ္စည်းများတွင်ပါဝင်သော နိမိတ်ပုံ၏အစွမ်းတစ်မျိုးဖြစ်ပါသည်။

| သင်္ကေတပြုပစ္စည်း | တေးရေးသူပြောလိုသော အကြောင်းအရာ | တေးသီချင်းပါနိမိတ်ပုံကို ပေါ်လွင်စေသောအဖွဲ့များ |
|---|---|---|
| နှင်းဆီပန်းနှင့် စပယ်ပန်း | ချစ်မှုရေးရာကိစ္စရပ်များတွင်အမျိုးသမီးများ အနေဖြင့်စိတ်၏အလိုကိုမလိုက်ဘဲတော်သင့် မှန်ကန်သော နှိုင်းဆချက်များဖြင့်စဉ်းစား ချင့်ချိန်စေလိုသော စေတနာ | ဘဝင်တသိမ့်သိမ့် ×× ရင်တငြိမ့်ငြိမ့် ×× စိမ့်လေသောစမ်းရေလေး စီးသည့်နှယ် သာတဲ့အခါ သာလိမ့်မယ် ×××ခြောက်သွေ့သော××နွေလမ်းကိုလည်း လျှောက်ရလိမ့်မယ် အချစ်ရဲ့ဒီသဘော×× ဖြောင့်တန်းကွေ့ကောက်သွေ့ခြောက် စိုပြည် ငိုမပြေ ရယ်မပျက် ဆန့်ကျင်ဘက် ဒီသဘော တွေ့ရလိမ့်ဦးမယ်×× |




## သုံးသပ်ချက်

ရသစာပေမှ ဖန်တီးလိုက်သော သင်္ကေတများမှတစ်ဆင့် စကားအဆက်အစပ်တို့၏ အဓိပ္ပာယ်ကို ဖော်ထုတ်ရင်း နိမိတ်ပုံအယူအဆများဖြစ်ပေါ်လာကာ ထိုနိမိတ်ပုံများ၏ အင်အားမှတစ်ဆင့် ဘဝအသိ၊ လောကအမြင်များ အလိုလိုရရှိလာခြင်းဖြစ်သည်။ "ဇေဒါပျံ့အံကိုခဲပန်းပန်လျက်ပဲ"ဟူသော အဖွဲ့တွင် သင်္ကေတပြုပစ္စည်း "ဇေဒါ" မှတစ်ဆင့် "အံကိုခဲပန်းပန်လျက်ပဲ"ဟူသော စကားအဆက်အစပ်အရ "လောကဓံကို ရင်ဆိုင်အန်တုနိုင်သော အာဂဇေဒါ" အဖြစ် အားကောင်းသော နိမိတ်ပုံဖန်တီးမှုအဖွဲ့ တစ်ခု ဖြစ်ပေါ်လာသည်။ ထိုအရာကို အနုပညာဖန်တီးသူတို့၏ ပရိယာယ်ဟုလည်း ဆိုနိုင်ပါသည်။ ထို့ကြောင့် လက်ရာမြောက်သော၊ ပရိသတ်ကိုဆွဲဆောင်နိုင်စွမ်းရှိသော၊ အနက်အဓိပ္ပာယ်ပြည့်ဝသော၊ ရသအလှကို ပေးစွမ်းနိုင်သော အနုပညာပစ္စည်းတစ်ခုဖြစ်ရန် အကြောင်းအရာနှင့် ဆီလျော်လိုက်ဖက်သော ဖွဲ့စပ်မှုပုံသဏ္ဌာန်တို့ကို ဦးစွာရှာဖွေရမည်။ ရှာဖွေရရှိလာသည့် အကြောင်းခြင်းရာများကို လည်း သူ့နေရာနှင့်သူ နေရာတကျ သုံးစွဲခြင်းဖြင့် ရသနှင့်တကွ ရသမှပေးသော ဘဝအသိတို့ကို ဖန်တီး ယူရသည်။ တေးရေးစန္ဒရားကွန်းဇော် ရေးစပ်သီကုံးပြီး တက္ကသိုလ်လှဲ့လှဲ့ သီဆိုထားသော "နှင်းဆီမ လေး ချစ်ပုံပြင်"ပါ စာသားများသည် နှင်းဆီနှင့်စံပယ်ကို လူကဲ့သို့ သက်ရှိအသွင်တင်စား ရေးဖွဲ့ထားသော သီချင်း တစ်ပုဒ်ဖြစ်သည်။ သီချင်းပါ တင်စားရေးဖွဲ့မှုများသည် လောကသဘာဝ၊ လူ့သဘာဝများနှင့် တစ်ထပ်တည်းကျကာ ပေါ်လွင်ပီပြင်လှသည့်အတွက် နားဆင်သူများအား သီချင်းကပေးသော ရသ နှစ်သက်မှုကို ပြည့်ဝသော အတိုင်းအတာ ပမာဏအထိရောက်အောင် ထောက်ပံ့ပေးနိုင်ခြင်းရှိသည်ကို တွေ့ရပါသည်။ တေးရေးဆရာ၏ စေတနာရည်ရွယ်ချက်မှ ပေါက်ဖွားလာသော ထိုတေးသီချင်းကို နားဆင်ခံစားမိသူတိုင်း အထူးသဖြင့် ဆယ်ကျော်သက်အရွယ် မြန်မာအမျိုးသမီးလေးများ အနေဖြင့် အချစ်ရေးအချစ်ရာ ကိစ္စရပ်များတွင်စိတ်၏ အလိုကိုမလိုက်ဘဲ မည်သည့်ကိစ္စတွင်မဆို အသိတရားနှင့် သတိတရားကို လက်ကိုင်ထားရမည်ဟူသော ဘဝအသိကိုရရှိစေပါသည်။ ထို့မျှသာမက မြန်မာ အမျိုးသမီးလေးများအနေဖြင့် ရှင်သန်ရာ ဘဝတစ်လျှောက်လုံးတွင် လောကကိုစောင့်ရှောက်သည့်

ဟိရိသြတ္တပ္ပဟူသော လောကပါလတရားနှစ်ပါးကို အလေးအမြတ်ခံယူကျင့်သုံးကာ ကိုယ်ကျင့် တရား ထိန်းသိမ်းမှုနှင့် ဆောင်ရွယ်ဖွယ်ကျင့်ဝတ်များကို ကျင့်သုံးမှုဟူသော မြတ်နိုးဖွယ်ရာထုံးဓလေ့ အစဥ်အလာများကို ခေတ်အဆက်ဆက်ခံယူကျင့်သုံးရင်း မိမိတို့၏တန်ဖိုးမှသည် အမျိုးဂုဏ်၊ ဇာတိ ဂုဏ်ကိုပါ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဟူသော အသိတရားများကိုပါ ဆက်စပ် ဆင်ခြင်ခံစားရရှိစေနိုင်ပါသည်။

## နိဂုံး

အနုပညာနယ်ပယ်တွင် ဖန်တီးသူတို့၏ ခံစားချက်များနှင့် အတွေးအမြင်များကို ခံစားသူတို့ ကူးလှယ် ခံစားနိုင်သော အနုပညာပစ္စည်းကောင်းတစ်ခုဖြစ်လာစေရန် ဖန်တီးမှုအတတ်ပညာအရ ပုံဖော်ဖွဲ့နွဲ့မှုသည် လွန်စွာအရေးပါသည်။ ထိုအဖွဲ့အနွဲ့များမှတစ်ဆင့် ဖန်တီးသူပေးလိုသော ရသခံစားမှုနှင့် ဘဝအာနိသင်များကိုပါ ရရှိခံစားခဲ့ကြရသည်။ ဤစာတမ်းပါ "နှင်းဆီမလေးချစ်ပုံပြင်" တေးသီချင်း၏ တင်စားရေးဖွဲ့မှုသဘောကို လေ့လာတင်ပြခြင်းဖြင့် ရသစာပေဖန်တီးရှင်များဖြစ်သော အတတ်ပညာရှင်တို့၏ အနုပညာဂုဏ် မြောက်အောင်ရေးဖွဲ့နိုင်ရန် အားထုတ်ကြိုးပမ်းမှုအဆင့်ဆင့်ကို ခံစားနားလည်လာရပါသည်။ ဆက်လက်၍ သုတေသနပြုလိုသူများအနေဖြင့် တေးရေးဆရာများ၏ ဖန်တီးမှုအတတ်ပညာအရ ပြောင်မြောက်စွာ ဖွဲ့နွဲ့ဖန်တီးထားသော တေးသီချင်းများ၏ ရေးဖွဲ့မှုပုံစံများကို လေ့လာရင်း ထိုမှတစ်ဆင့် သီချင်းစာသားများမှပေးသော ဘဝအသိ၊ လောကအမြင်များကိုပါ တစ်ပါတည်း လေ့လာဖော်ထုတ်နိုင်ပါသည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ


တာရာ၊ဒဂုန်။ (၂၀၁၉)။ စာပေသဘောတရား၊ စာပေဝေဖန်ရေး၊စာပေလှုပ်ရှားမှု (တ-ကြိမ်) ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

မြန်မာအဘိဓာန်(တကြိမ်)။(၂၀၂၄ ) ။ နေပြည်တော်၊ မြန်မာနိုင်ငံတိုင်း ရင်းသားဘာသာစကားဦးစီးဌာန။


### အင်္ဂလိပ်ဘာသာ


Morner, Kathleen & Raush, Ralph (1998) NTC's Dictionary of Literary Terms. NTC Publishing Group.

Than Tun, U, Myanmarsar (2004). Personification in Myanmar Poetry, University of Distant Education Annual Magazine, Yangon (English Section)

Wren & Martin. (1985). English Grammar and Composition. Hundred and sixteenth Edition. S.

Chand & Company. Ltd.

Website

https://www.twinkl.com.mm/teaching-wiki/personification

https://www.masterclass.com Sep 28, (2025)

## မူရင်းကိုးကားစာသားများ

“In Personification inanimate objects and abstract notions are spoken of as having life and intelligence” (Wren&Martin, English Grammar and Composition,1985)

“Personification. A FIGURE OF SPEECH in which human characteristics and sensibilitis are attributed to animals, plants, inanimate objects, natural forces, or abstract ideas.” (Morner,Kathleen & Raush, Ralph, NTC’sDictionary of Literary Terms, 1998)

“In Myanmar Literature, I have found that Saya Zawgyi is the first in the use of personification because of the emergence of a khitsan poem named “ The paduck, the pterocarp blossoms” (U Than Tun (2004) Personification in Myanmar Poetry , University of Distant Education Annual Magazine,Yangon (English Section)

“Personification is a type of Figurative Language where human characteristics, such as thoughts, feelings or actions, are given to something non-human. The "non-human" in this case encompasses everything from inanimate objects to plants and animals. Additionally, personification is similar in some ways to another form of figurative language, Metaphors. However, the difference is that metaphors can compare any one thing to another, whereas personification has more to do with comparing the way a thing or object behaves with our human behaviours.”

https://www.twinkl.com.mm/teaching-wiki/personification

Personification is a type of figurative language that applies human attributes to a non-human entity or inanimate object to express a point or idea.

https://www.masterclass.com (2025)